# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 22 , 2025 — Volume 86 , Number 16


၂၂ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၀.၄၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၂၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၃.၄၀ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၁၈.၄၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဖူးစားပြောင်း(ဆောင်း) သီးနှံများ စတင်ထွက်ပေါ်ပြီး အရောင်းအဝယ်သွက်



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ဖူးစားပြောင်းသီးနှံကိုလည်း မိသားစုအပိုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာမှ ယခုအချိန်တွင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ စဉ့်ကိုင်မြို့နယ်တွင် ဖူးစားပြောင်း(ဆောင်း) ၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုချိန်တွင် ဖူးစားပြောင်း(ဆောင်း) သီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်းသိရသည်။ ဖူးစားပြောင်း(ဆောင်း)ကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်စိုက်ပျိုး၍ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် ထွက်ပေါ်ကြောင်း၊ ဖူးစားပြောင်း(ဆောင်း)ကို ယာမြေနှင့်ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး ထိုင်ဝမ်များကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ လက်ကားဈေးကွက်အနေဖြင့် မန္တလေးမြို့သို့ တိုက်ရိုက်ရောင်းချကြသည့်အပြင် ပွဲစားများကလည်း စိုက်ခင်းအထိ လာရောက်ဝယ်ယူကာ ကျောက်ဆည်နှင့် မန္တလေးမြို့တို့သို့ ရောင်းချကြပြီး တောင်သူများက ရန်ကုန်-မန္တလေးလမ်းဘေးတွင်လည်း လက်လီရောင်းချကြကြောင်း၊ ထိုင်ဝမ်သကြားပြောင်းဖူးမှာ လူကြိုက်များသောကြောင့် ဈေးကွက်တွင် အရောင်းအဝယ်သွက်လျက်ရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးခြင်းဖြင့် ကျွဲ၊ နွားအစာများအဖြစ် ပြောင်းရိုးများကိုလည်း ပြန်လည်ရောင်းချရသည့်အပြင် ကာလတိုသီးနှံဖြစ်သည့်အတွက် တွက်ခြေကိုက်

သည့် သီးနှံဖြစ်ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ မွေးမြူရေးနှင့်ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက မွေးမြူရေးအသားစားကြက်ပိဿာချိန် ၆၄,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်းသိရသည်။ "ပန်းတနော်မြို့ကနေ ရန်ကုန်ဈေးကွက်ထဲကို ဒီဇင်ဘာလတစ်လအတွင်း ကြက်သားပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါသည်။ ပန်းတနော်မြို့ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစား ကြက်တွေအပြင် အခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ မွေးမြူရေးကြက်သားတွေ အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အဓိကအဆင်ပြေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် မွေးမြူရေးနှင့်ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးကြက်သား ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၀,၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မွေးမြူရေးကြက်သားများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုအားကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်မှ သကြားစက်များ အပြည့်အဝ ပြန်လည်ပတ်၊ ပြည်တွင်းသကြားဈေး အနည်းငယ်ကျဆင်းလာနိုင်



ယခုနှစ် ကြံရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ် (တောင်/မြောက်) က သကြားစက်တွေ အပြည့်အဝလည်ပတ်ကြိတ်ဝါးမှာဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းက မောင်းကုန်းသကြားစက်၊ MEC သကြားစက်၊ Ever Green သကြားစက်၊ ရှမ်းမြောက်ဒေသက ငွေရည်ပုလဲသကြားစက်၊ ရှမ်းတောင်ဒေသက မြဘုရင်သကြားစက်တွေ အပြည့်အဝလည်ပတ်မယ်လို့ အသင်းတာဝန်ရှိသူက ဆိုပါတယ်။

ပြည်တွင်းသကြားအထွက်နှုန်း လျော့ကျစရာမရှိ၊ သကြားအထွက် တိုးလာပါမယ်လို့ အသင်းတာဝန်ရှိသူက မကွေးဂျာနယ်ကို ပြောပါတယ်။

၂၀၂၄-၂၀၂၅ ခုနှစ်ထုတ် ပြည်တွင်းသကြားဈေးနှုန်းက တည်ငြိမ်နေပြီး တစ်ပိဿာ ၄၈၀၀-၅၁၀၀ ကျပ် ပေါက်ဈေးရှိပါတယ်။ ယခုနှစ်အတွက် ကြံတစ်တန်ပေါက်ဈေးကိုလည်း ၁၈၀,၀၀၀-၂၀၀,၀၀၀ ကျပ်သတ်မှတ်ပြီး စက်ရုံတွေကနေ ဝယ်ယူနေပါတယ်။

လက်ရှိ ပြည်တွင်းသကြားအရောင်းအဝယ်မှာ ကျဆင်းမှုမရှိဘဲ တည်ငြိမ်နေပြီး လာမဲ့လများအတွင်း သကြားအသစ်တွေထွက်ရှိလာမှာဖြစ်လို့ ပြည်တွင်းဈေး အနည်းငယ်ကျဆင်းနိုင်ကြောင်းလည်း ကုန်သည်အသိုင်းအဝိုင်းက ယူဆထားပါတယ်။

ပြီးခဲ့တဲ့နှစ် ကြံရာသီမှာ ပြည်ပကို သကြားတန်ချိန် ၅၀,၀၀၀-၆၀,၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ပြီး တင်ပို့နိုင်မှု လျော့ကျခဲ့ပါတယ်။

လက်ရှိ နိုင်ငံတကာသကြားပေါက်ဈေးမှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၅၄၀ ဈေးရှိပြီး ပြည်တွင်းဈေးထက် လျော့ကျနေကြောင်း သကြားကုန်သည်တွေထံက သိရပါတယ်။

**Source: BETV Business**

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုကြ ပြောပြသည်။ ဓနုဖြူမြို့နယ်တွင် ဒေသထွက်တိုင်ထောင် ပဲသီးများကို ကုန်စိမ်းဈေးကွက်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှယနေ့ထိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၁၅၀ မှ ၃၅၀ ထိ ဝယ်ယူမှုအားကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ "ဓနုဖြူမြို့နယ်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေပါတယ်။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီး ပိဿာချိန် ၃၅၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဒေသထွက်ကုန်တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ဓနုဖြူမြို့နယ် ကုန်စိမ်းဈေး ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုကြပြောပြသည်။ ဓနုဖြူမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ဝယ်ယူမှုအားကောင်းမွန်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းတို့ကြောင့် တောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံများ စတင်ရိတ်သိမ်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ သရက္ကန်၊ တမာပင်ကြီး၊ စီထိန်း၊ ငါန်းလွန့်၊ တောင်လယ်တောနှင့်ဂျီစသည့် ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံသီးနှံစိုက်ပျိုးရန် ဧက ၃၀,၃၀၀ လျာထားခဲ့ရာ ၃၃,၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပြီး ပဲစင်းငုံသီးနှံများမှာ ဇန်နဝါရီလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ ပဲစင်းငုံသီးနှံကို ဇွန်လနှင့်ဇူလိုင်လတို့တွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ရှိပြီး သီးညှပ်စိုက်ပျိုးမှုကိုသာ စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံ

အနီမျိုးများကို စိုက်ပျိုးကြပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၅-၇ တင်းခန့်ထွက်ရှိပြီး မြေအနေအထားနှင့်သီးနှံအထွက်နှုန်းအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေခိုင်က ပြောပြသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ရက် ၉၀ စပါးတင်းရေ ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်းရက် ၉၀ စပါးအမျိုးအစား တင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၇၅,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရက် ၉၀ ဆိုတဲ့ စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ ရက် ၉၀ စပါးတွေ အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေခိုင်ကပြောပြသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇,၅၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## မလေးရှား-အီးယူ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်ရရှိရေး တကျော့ပြန် ကြိုးပမ်း

မလေးရှားနိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ) နှင့် စီးပွားရေးဆက်ဆံမှုကို ခိုင်မာစေရန်အတွက် မလေးရှား-အီးယူ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်(MEUFTA)အတွက် စေ့စပ်ညှိနှိုင်းမှုများကို ပြန်လည်စတင်သွားမည်ဖြစ်သည်ဟု မလေးရှားဝန်ကြီးချုပ်ရုံးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ယင်းသဘောတူညီချက်သည် အရေးပါသောကဏ္ဍများအတွက် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်ကို အားကောင်း ခိုင်မာစေပြီး မလေးရှားနိုင်ငံ၏ စီးပွားရေးကဏ္ဍများစွာတွင် ကြီးမားသောအကျိုးကျေးဇူးများ ရရှိလာမည်ဟု မျှော်လင့်ထားကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်၏ ဇန်နဝါရီ ၁၉-၂၀ ရက် ဘယ်ဂျီယံနိုင်ငံ အလုပ်သဘောခရီးစဉ်အတွင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်များ၊ စားအုန်းဆီနှင့်ယင်း၏ဆက်စပ်ပစ္စည်းများအပြင် အလင်းနှင့်သိပ္ပံဆိုင်ရာ ကိရိယာများကဲ့သို့သော ကဏ္ဍများမှ ပို့ကုန်များကို အီးယူဈေးကွက်နှင့်အခြားဈေးကွက်များသို့ တိုးမြှင့်တင်ပို့ရန် အသင့်ရှိနေသည်ဟု ကြေညာချက်တွင် ဖေါ်ပြထားသည်။

ထို့ပြင် MEUFTA သည် အစိမ်းရောင်စွမ်းအင်နှင့် အဆင့်မြင့်ကုန်ထုတ်လုပ်မှုကဲ့သို့သော ခေတ်မီနည်းပညာကဏ္ဍများတွင် အီးယူ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြင့်လာစေရန် အထောက်အကူဖြစ်လိမ့်မည်ဟုလည်း ဖော်ပြခဲ့သည်။

မလေးရှားနှင့်အီးယူအတွက် နှစ်ဖက်စလုံးအကျိုးရှိစေသောအခြေအနေကို အာမခံချက်ပေးကာ သက်ဆိုင်သူအားလုံး အတွက် ထင်သာမြင်သာသော အကျိုးခံစားခွင့်များပေးဆောင်သည့် မျှတပြည့်စုံသောသဘောတူညီချက်ကို အကောင်အထည်

ဖော်ရန် မလေးရှားအစိုးရက ကတိကဝတ်ပြုထားသည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

Ref: ရှင်းပွဲ

Source: Popular News Journal

## ထိုင်းဒူးရင်းသီးများအတွက် ပိုမိုတင်းကျပ်သော စစ်ဆေးမှုများကို စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံဒူးရင်းပို့ကုန်အပေါ် တရုတ်က ယာယီပိတ်ပင်လိုက်သောကြောင့် တရုတ်နိုင်ငံသို့ ဒူးရင်းသီးမတင်ပို့မီ ပိုမိုတင်းကျပ်သော စစ်ဆေးမှုအစီအမံများကို စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ဒူးရင်းသီးသယ်ဆောင်ထားသော ကုန်သေတ္တာအားလုံးသည် သဘော်ာထွက်ခွာခွင့်မပြုမီ ကင်ဆာဖြစ်စေသော အရောင်ခြယ်ပစ္စည်းတစ်ခုဖြစ်သော “Basic Yellow 2” အပြင် Cadmium နှင့် ဒူးရင်း ပိုးများအတွက် စစ်ဆေးခံရမည်ဖြစ်ကြောင်း၊ ပို့ကုန်ပိတ်ပင်ခံရပြီးနောက် ဝန်ကြီးသည် အရေးတကြီး အစည်းအဝေးတစ်ခုခေါ်ယူခဲ့ပါကြောင်း၊ ပို့ကုန်အကြိုစစ်ဆေးသည့် အစီအမံသစ်သည် လာမည့် ၁၀ ရက်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်သူများသည် လိုအပ်ချက် အသစ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ၎င်းတို့၏ ပို့ကုန်လိုင်စင်များ ဆုံးရှုံးမည်ဖြစ်ကြောင်း၊ ဝန်ကြီးသည် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အတွင်း ဝန်ကြီးချုပ် H.E Ms. Paetongtarn Shinawatra နှင့်အတူ တရုတ်နိုင်ငံသို့ ခရီးစဉ်တစ်ခုတွင် လိုက်ပါသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် သမဝါယမ ဝန်ကြီး H.E Ms. Narumon Pinuosinwat က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်အကြို ပြင်းထန်သော စစ်ဆေးမှုနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း တရုတ်အကောက်ခွန်အာဏာပိုင်များနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယင်းသည် ထိုင်းနိုင်ငံ၏ ထုတ်ကုန်အရည်အသွေးနှင့် စိတ်ချရမှုစံနှုန်းများအပေါ် တရုတ်၏ယုံကြည်ချက်ကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ထိုင်းသစ်သီးတင်ပို့ခဲ့မှုသည် နှစ်အလိုက် မြင့်တက်လာလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ လမှ နိုဝင်ဘာလအတွင်း တန်ချိန် ၁ ဒသမ ၈၁၇ သန်း၊ တန်ဖိုးအားဖြင့် ဘတ် ၁၇၇ ဒသမ ၁၃ ဘီလီယံ တင်ပို့ခဲ့ပါကြောင်း၊ စက်တင်ဘာလ ၁၈ ရက်နေ့က တရုတ်မှထိုင်းနိုင်ငံအတွင်းသို့ သယ်ဆောင်လာရာတွင် Basic Yellow 2 တရားမဝင်အသုံးပြုထားသည်ကိုတွေ့ရှိခဲ့ရပြီး ထိုင်းအစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနတွင် မှတ်ပုံမတင်ထားပါကြောင်း၊ အဆိုပါ ပစ္စည်းကို ချမ်ဖွန် ပြည်နယ်ရှိ တရုတ်ရင်းနှီးမြှုပ်နှံမှု အုပ်စုမှ ဘဏ္ဍာငွေချထားပေးသည့် ပို့ကုန်အတွက် ဒူးရင်းသီးထုပ်ပိုးသော စက်ရုံများတွင် အသုံးပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် မှတ်ပုံမတင်ထားသောပစ္စည်းများ အသုံးပြုခြင်းကို ရပ်ဆိုင်းရန်ညွှန်ကြားခဲ့ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့ပါသည်။

သို့သော် ၁ လအကြာ အဆိုပါ ထုပ်ပိုးသည့်စက်ရုံများသို့ သွားရောက်ခဲ့ရာတွင် တူညီသောပစ္စည်းများကို ဆက်လက်အသုံးပြုလျက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် သတိပေးစာ ထုတ်ပြန်ခဲ့ပါကြောင်း၊ ဒူးရင်းသီးပို့ကုန်များတွင် Basic Yellow 2 ကင်းစင်ကြောင်း သေချာစေသည့်စာရွက်စာတမ်းများ မတင်ပြနိုင်သဖြင့် တရုတ်နန်နင်းလေဆိပ်က ပို့ကုန်များကို ငြင်းပယ်ခဲ့သည်ဟု စနေနေ့တွင် ဝန်ကြီးဌာနထံ အကြောင်းကြားခဲ့ကြောင်း သိရပါသည်။

**Source: www.bangkokpost.com**

**စီးပွားရေးသံမှူး၊ ဘန်ကောက်မြို့။**

## ထိုင်းနိုင်ငံနှင့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း (European Free Trade Association –Efta) တို့အကြား လက်မှတ်ရေးထိုးမည့် ကုန်သွယ်ရေးစာချုပ်သည် ၂၀၂၆ ခုနှစ်တွင် စတင်အသက်ဝင်မည်ဖြစ်

ထိုင်းနှင့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း (European Free Trade Association –Efta) တို့အကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်းနှင့် ဥပဒေဆိုင်ရာ ချိန်ညှိမှုများ ဆောင်ရွက်ပြီးနောက် အတည်ပြုပြီးပါက ၂၀၂၆ ခုနှစ် အစောပိုင်းတွင် စတင်အသက်ဝင်နိုင်ရန်ခန့်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက ပြောကြားချက်အရ သိရပါသည်။

လွတ်လပ်သော သဘောတူစာချုပ်ကို ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၌ လက်မှတ်ရေးထိုးပြီးနောက် အတည်ပြုချက်အတွက် လွှတ်တော်သို့တင်ပြသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်နှင့်ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများကိုချိန်ညှိပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်သည် ထိုင်းနိုင်ငံအတွက် ဆိုးကျိုးမဖြစ်စေပါကြောင်း၊ စာချုပ်ကြောင့် ဥရောပနိုင်ငံများစွာသို့ တံခါးပွင့်သွားစေပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ထိုင်းနှင့် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်းနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံရှိပြီး ၂၄ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပါကြောင်း၊ အဓိကပို့ကုန်များမှာ လက်ဝတ်ရတနာများ၊ နာရီများ၊ သံမဏိထုတ်ကုန်များ၊ ပင်လယ်စာ စည်သွပ်ဘူးများ၊ ခရီးသွားသုံးပစ္စည်းများဖြစ်ပြီး သွင်းကုန်များမှာ ကျောက်မျက်များ၊ နာရီများ၊ အသားထုတ်ကုန်များ၊ ဆေးဝါးများနှင့် ဓာတ်မြေဩဇာတို့ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆွေးနွေးလျက်ရှိသည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူ စာချုပ်အတွက်ညှိနှိုင်းမှုသည် ယခုနှစ်အတွင်း အပြီးသတ်နိုင်မည်ဖြစ်ပြီး အချက်အလက်စင်တာဖွံ့ဖြိုးရေးနှင့် အစားအစာ လုံခြုံမှုဆိုင်ရာတွင် တိုးတက်မှုရှိပါကြောင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုသည် ထိုင်းနိုင်ငံ၏ အချက်အလက်စင်တာ များနှင့် ဉာဏ်ရည်တုတို့တွင် ပူးတွဲရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိပါကြောင်း၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် ထောက်ပံ့မှုရန်ပုံငွေနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က မူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ရန်ပုံငွေအတွက် ဥပဒေဆိုင်ရာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးက မူကြမ်းပြုစုထားပြီး အစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေအတွက် ကနဦးဘတ်ဂျက်ကို အစိုးရဘတ်ဂျက်မှသုံးစွဲမည်ဖြစ်ပြီး ပမာဏကို မဆုံးဖြတ်ရသေးပါကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြား ခဲ့သည်။

**Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

## ဖိလစ်ပိုင်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနမှ စားနပ်ရိက္ခာဖူလုံရေး အရေးပေါ် ကြေညာချက်အား ထုတ်ပြန်သွားမည်ဖြစ်

ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ဈေးနှုန်းများဆက်လက်မြင့်တက်နေခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရှိနေစေရန်တို့အတွက် ကြုံတွေ့ နေရသည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စေရေးအလို့ငှာ အရေးပေါ်စားနပ်ရိက္ခာဖူလုံရေးကြေညာချက်ကို ထုတ်ပြန် ကြေညာခဲ့ပါသည်။ ဖိလစ်ပိုင်အမျိုးသားကုန်ဈေးနှုန်းများညှိနှိုင်းရေးကောင်စီ (National Price Coordinating Council-NPCC) မှ စားနပ်ရိက္ခာဖူလုံရေးအရေးပေါ်ကြေညာချက်ထုတ်ပြန်ခြင်းအပေါ် ထောက်ခံပေးခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် သက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးသွားရန်ဖြစ်ပါသည်။ NPCC ၏ ထောက်ခံချက်အပေါ် အစည်းအဝေးဆုံးဖြတ်ချက်သည် စိုက်ပျိုးရေး ဝန်ကြီးဌာနသို့ ၂၀-၁-၂၀၂၅ ရက်နေ့ကရောက်ရှိခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်ကို စိုက်ပျိုးရေးဝန်ကြီးဌာနမှ ချက်ချင်းပြန်လည် သုံးသပ်သွားမည်ဖြစ်ပြီး ၁-၂-၂၀၂၅ ရက်နေ့မတိုင်မီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စိုက်ပျိုးရေးဝန်ကြီးဆုံးဖြတ်ရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး စိုက်ပျိုးရေးဝန်ကြီးသည် သမ္မတမားကို့စ်ဂျူနီယာနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်ရှိတွင် စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း တင်သွင်းလာသည့် ဆန်များ၏ဈေးနှုန်းကို ဈေးကွက်တွင်း သတ်မှတ်ထားသည့်အတိုင်း တစ်ကီလိုလျှင် ၅၈ ပီဆိုထက်မမြင့်သောဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိမရှိကိုလည်း အထူးကြပ်မတ်စစ်ဆေးလျက်ရှိပါသည်။

စစ်ဆေးမှုအစီရင်ခံစာများအရ အချို့သော ဈေးများတွင် သတ်မှတ်ဈေးအတိုင်းရောင်းချလျက်ရှိသော်လည်း Guadalupe Commercial Complex နှင့် Pasay Public Market တို့တွင် သတ်မှတ်ဈေးအတိုင်းရောင်းချခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ နောက်ထပ် ရက်သတ္တပတ် ၂ ပတ်ပြီးလျှင် စိုက်ပျိုးရေးဝန်ကြီးသည် Maximum Suggested Retail Price-MSRP ကို ထပ်မံ သုံးသပ်၍ တစ်ကီလိုလျှင် ၅၅ ကီလိုထိလျှော့ချပြီးရောင်းချသွားရန် မျှော်မှန်းထားကြောင်း ဖော်ပြပါရှိပါသည်။ အများဆုံး ကျဆင်းစေမည့် နှုန်းထားအနေဖြင့် တစ်ကီလိုလျှင် ၅၁ မှ ၅၇ ပီဆိုကြားရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် ပြည်ပမှတင်သွင်းသည့် ပရီမီယမ်ဆန်အမျိုးအစားမှာ တစ်ကီလိုလျှင် ၅၅ ပီဆို၊ well-milled သည် တစ်ကီလိုလျှင်

၄၈ ပီဆိုနှင့် regular-milled သည် တစ်ကီလိုလျှင် ၄၀ ပီဆို ဖြစ်ပါသည်။

ဆူပါမာတ်ကက်များနှင့်လည်း ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ပြီး ဆန်ဈေးနှုန်းလျှော့ကျစေရန် စိုက်ပျိုးရေးဝန်ကြီးဌာနသည် အစိုးရ၊ ပုဂ္ဂလိကဈေးများတွင် ၄ားရမ်းခများလျှော့ချပေးရေးကိုလည်း စဉ်းစားလျက်ရှိကြောင်းသိရပါသည်။

ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းနေခြင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထားကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လျှော့ချပေးခဲ့သော်လည်း ဈေးကွက်တွင်း ပြည်ပမှတင်သွင်းလာသည့် ဆန်ဈေးနှုန်းများမှာ လျှော့ကျခြင်းမရှိဘဲ ဆက်လက်မြင့်တက်နေဆဲဖြစ်ပါသည်။ ထို့အတွက် ပြည်ပမှ တင်သွင်းလာသည့်ဆန်များကို သတ်မှတ်နှုန်းထားဖြင့် ရောင်းချရန် Suggested Retail Price ကိုသတ်မှတ်ပေးခဲ့ပါသည်။

ထို့ပြင် ယခုထပ်မံ၍ အစိုးရက စားနပ်ရိက္ခာဖူလုံရေး အရေးပေါ်ကြေညာချက်ကို ထုတ်ပြန်ကြေညာသွားရန် စီစဉ်ဆောင်ရွက် နေခြင်းဖြစ်ပါသည်။ Rice Tariffication Law (2019) အရ ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (National Food Authority-NFA) မှ ၎င်းတို့လက်ဝယ်ရှိ ဆန်များကို ပြည်သူများထံသို့ အရေးပေါ်အခြေအနေတွင်သာ ထုတ်ရောင်းချခွင့် ရှိပါသည်။ ထို့ပြင် NFA ၏ ကုန်သိုလှောင်ရုံများတွင်လည်း လက်ကျန်ဆန်ပမာဏ များပြားလျက်ရှိခြင်းနှင့် လာမည့် ရိတ်သိမ်းချိန်တွင် တောင်သူများထံမှ စပါးဝယ်ယူရန်များရှိသဖြင့် ကုန်သိုလှောင်ရုံလွတ်များလည်း လိုအပ်နေသည်ဟု ပြောကြား ထားသည်ကို တွေ့ရပါသည်။ ထို့အတွက် ပြည်တွင်းဈေးကွက်တွင်း ဆန်ဈေးနှုန်းများ မြင့်တက်နေခြင်းကို လျှော့ချနိုင်စေရေး NFA ၎င်းတို့၏ ဆန်လက်ကျန်များအား သက်သာသောဈေးနှုန်းဖြင့်ရောင်းချသွားမည်ဖြစ်သဖြင့် စားနပ်ရိက္ခာဖူလုံရေးအရေးပေါ် ကြေညာချက်အား ထုတ်ပြန်ကြေညာနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ထို့ပြင် သမ္မတမားကို့စ်ဂျူနီယာမှလည်း စားနပ်ရိက္ခာဖူလုံရေးအရေးပေါ်ကြေညာချက်သည် ယခုကဲ့သို့ အခြေအနေမျိုးတွင် ထုတ်ပြန်သွားရန်မှာ အမှန်တကယ်လိုအပ်ကြောင်း ၁၇-၁-၂၀၂၅ ရက်နေ့က မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး၊ မနီလာမြို့**

## STOCK EXCHANGE (22.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,396 (Shares) | 49,502,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 124 | 992,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,100 | 3,150 | 3,100 | 1,347 | 4,190,350 | 38,929,150 | 122,627 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 27 | 51,300 | 29,664,613 | 56,363 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,407 | 4,502,400 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 1,430 | 2,359,500 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | -100 | -2.38% | 4,100 | 4,100 | 4,100 | 12 | 49,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 49 | 158,150 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.63 | -1.72 | -0.45% | 384.23 | 385.26 | 384.23 | 4,396 | 12,302,900 | 8 | 725,488 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Jan. 2025

| Trading Volume | Trading Value |
|---|---|
| 16,396 (Shares) | 49,502,900 (MMK) |

### Main Board

As of 1:00 pm, 22nd Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,396 (Shares) | 49,502,900 (MMK) |

| MYANPIX | 384.63<br>▼ 1.72 |
|---|---|
| Total Volume (shares) | 4,396 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 725,488 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,200 | ▼ 50 |